# (Buffalo)- ညီလာခံကျင်းပရေး အကြိုညှိနှိုင်းဆွေးနွေးပွဲ(တယ်လီဖုန်းဆွေးနွေးပွဲ)မှတ်တမ်း / ၂

ရက်စွဲ ။ ။ မတ်လ(၂၇)ရက်၊ စနေနေ့၊၂၀၁၀

ဆွေးနွေးပွဲတက်ရောက်သူများ

(၁) ဆရာတော်ဦးပညာဇောတ
(၂) ကိုစိုးမိုး
(၃) ကိုဇော်ကိုနိုင်
(၄) ကိုလှိုင်မိုးသန်း
(၅) မခင်စန်းနွယ်
(၆) ကိုကိုလေး
(၇) ကိုဇော်လှိုင်ဦး
(၈) ကိုဇော်ဇော်
(၉) ကိုကျော်ထွဋ်နိုင်
(၁၀) ကိုထွန်းအောင်ကျော်
(၁၁) ကိုဇော်နေမျိုး
(၁၂) ကိုရာဇာ
(၁၃) Dr-ခင်စိန်
(၁၄) ကိုရဲထွဋ်
(၁၅) ကိုမျိုးအေး
(၁၆) ကိုလတ်
(၁၇) ကိုကျော်လှမြိုင်
(၁၈) ကိုထွန်းလှိုင်
(၁၉) ကိုမျိုးသန့်
(၂၀) ကိုစိုင်း
(၂၁) ကိုဝင်းထွန်းယဉ်
(၂၂) ကိုမင်းနိုင်
(၂၃) ကိုလှစိုး
(၂၄) မခင်စန်းဝေ
(၂၅) ကိုဇာနည်
(၂၆) ကိုနန္ဒကျော်
(၂၇) ကိုဝင်းရွှေ
(၂၈) ကိုမိုးသီဟ
(၂၉) ကိုနိုင်အောင်ကျော်
(၃၀) ကိုအောင်မြင့်ထွန်း
(၃၁) ကိုသက်ထွန်း
(၃၂) ဦးအောင်စိန်
(၃၃) ကိုအောင်ကျော်မြင့်
(၃၄) ကိုအောင်နိုင်ထွေး
(၃၅) ကိုအောင်ခန့်

* ကွန်ပျူတာမှတ်တမ်းအရ (၄၆)ဦးတက်ရောက်သည် ။ (၁၁)ဦးမှာ ဆွေးနွေးပွဲတက်ရောက်ကြောင်း အကြောင်းမကြားပါ ။

အခမ်းအနားမှူး ။ ။ ကိုကိုလေး ၊ ကိုသက်ထွန်း
မှတ်တမ်း ။ ။ ကိုဇော်ကိုနိုင်

ဆွေးနွေးသည့်အကြောင်းအရာများ

(၁) (Buffalo)- ညီလာခံကျင်းပရေးအတွက် ပြန်ကြားရေးလုပ်ငန်းကိစ္စ ။
(၂) (Buffalo)- ညီလာခံအတွက် တာဝန်ပေးအပ်ခြင်း၊ တိုးချဲ့ခြင်း ။
(၃) တယ်လီဖုန်းဆွေးနွေးပွဲများတွင် နိုင်ငံရေးအင်အားစု(အဖွဲ့အစည်း)များအား ဖိတ်ခေါ်ဆွေးနွေးရေး ။
(၄) နိုင်ငံရပ်ခြားမှ ညီလာခံတက်ရောက်သူများအား စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရေး (Asylum- မလုပ်ရေးကိစ္စ) ။
(၅) ညီလာခံအမည်ရွေးချယ်ခြင်း ။
(၆) အထွေထွေ

ဆွေးနွေးဆုံးဖြတ်ချက်များ

(၁) (Buffalo)- ညီလာခံကျင်းပရေးအတွက် ပြန်ကြားရေးလုပ်ငန်းကိစ္စ ။

* ပြန်ကြားရေးဆပ်ကော်မတီဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်သည် ။
- ထိုကော်မတီအား မိမိကိုယ်ကို အဆိုပြုသူများနှင့် အခြားရဲဘော်များမှ အဆိုတင်သွင်းခံရသူ ရဲဘော်များဖြင့် ဖွဲ့စည်းလိုက်သည် ။

ပြန်ကြားရေးဆပ်ကော်မတီ

(၁) ကိုကိုလေး
(၂) ကိုလှိုင်မိုးသန်း
(၃) မခင်စန်းနွယ်
(၄) ကိုစိုင်း
(၅) ကိုရာဇာ
(၆) ကိုဇော်နေမျိုး
(၇) ကိုလှစိုး (Buffalo)
(၈) ကိုဇော်ဇော်
(၉) ကိုဇော်ကိုနိုင်
- ကိုစိုးမိုးနှင့် ကိုထွန်းထွန်းတို့(၂)ဦးအား ကော်မတီထဲတွင် အဆိုတင်သွင်းခံရ၍ ၎င်းတို့အား ဆက်သွယ်မေးမြန်းရန်ဖြစ်သည် ။

(၂) (Buffalo)- ညီလာခံအတွက် တာဝန်ပေးအပ်ခြင်း ၊ တိုးချဲ့ခြင်း ။

- မတ်လ(၂၀)ရက်နေ့ တယ်လီဖုန်းဆွေးနွေးပွဲတွင် ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီဖွဲ့စည်းလိုက်ရာ ဆရာတော်ဦးပညာဇောတ နှင့် ကိုခွန်ထွန်းတောက်တို့အား မေးမြန်းအတည်ပြုချက်ရယူရန်ဟု ဆွေးနွေးထားသဖြင့် ၎င်းတို့အားမေးမြန်းသည် ။
- ဆရာတော်မှ အခြားလုပ်ငန်းများလုပ်ကိုင်နေရသဖြင့် ကော်မတီထဲတွင်မပါဝင်နိုင်/ တတ်နိုင်သမျှကူညီဆောင်ရွက်မည်ဟု တင်ပြဆွေးနွေးသည် ။
- ကိုခွန်ထွန်းတောက်မှ ဖိတ်ကြားရေးဆပ်ကော်မတီတွင် ပါဝင်မည်ဖြစ်သည် ။
- ကိုမျိုးသန့်အနေဖြင့် ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီထဲတွင် ပါဝင်ရန်စဉ်းစားမည်ဟု ဆွေးနွေးသည် ။

(၃) တယ်လီဖုန်းဆွေးနွေးပွဲများတွင် နိုင်ငံရေးအင်အားစု(အဖွဲ့အစည်း)များအား ဖိတ်ခေါ်ဆွေးနွေးရေး ။

-(Buffalo)-ညီလာခံတွင် အင်အားစုများ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်လာရန် ဖိတ်ခေါ်မည်ဖြစ်သည် ။
- တယ်လီဖုန်းဆွေးနွေးပွဲများတွင် နိုင်ငံရေးအင်အားစု အစုအဖွဲ့များအား ဖိတ်ခေါ်ရေးနှင့် ပတ်သက်၍ (တယ်လီဖုန်းဆွေးနွေးပွဲ ဖိတ်ကြားရေးဆပ်ကော်မတီ)အား သီးသန့်စုဖွဲ့ရန် လို/မလို(သို့မဟုတ်) ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီကိုပဲ တာဝန်ပေးအပ်ရန် ဆိုသည်ကိုဆွေးနွေးသည် ။
* ညီလာခံဖိတ်ကြားရေးဆပ်ကော်မတီအနေဖြင့် တယ်လီဖုန်းဆွေးနွေးပွဲများတွင် နိုင်ငံရေးအင်အားစုများအား ဖိတ်ခေါ်ရေးတာဝန်ကိုပါ ထမ်းဆောင်ပါရန် ဆွေးနွေးဆုံးဖြတ်သည် ။

(၄) နိုင်ငံရပ်ခြားမှ ညီလာခံတက်ရောက်သူများအား စည်းမျဉ်းစည်းကမ်းများ ချမှတ်ထားရေး (Asylum- မလုပ်ရေးကိစ္စ) ။

- ညီလာခံသို့ အခြားနိုင်ငံများမှ တက်ရောက်မည့်သူများအနေဖြင့် (USA)တွင် နိုင်ငံရေးခိုလှုံခွင့် တောင်းခံခြင်းမပြုလုပ်စေချင်ပါ ။ မိမိတို့နိုင်ငံရေးလုပ်ငန်းများ ထိခိုက်နိုင်သည် ။
- ညီလာခံဖိတ်ကြားမည့်သူများမှ သေချာစွာတာဝန်ယူသင့်သည် ။
- ညီလာခံသို့ တက်ရောက်မည့် နိုင်ငံရေးအဖွဲ့အစည်းများကို မိမိတို့မှ တာဝန်ခံမှုရှိသင့်သည် ။
- တဦးချင်းတက်ရောက်လာမှုကို မည်သူတာဝန်ခံမလဲဆိုသည်ကို ဆွေးနွေးစေလိုသည် ။
- ညီလာခံသို့ တက်ရောက်ရန်မဟုတ်ပဲ နိုင်ငံရေးခိုလှုံခွင့်တောင်းခံရန်အတွက်သာ လာရောက်တာမျိုးမဖြစ်သင့်ပေ။ သတိထားဖိတ်ခေါ်ရန်လိုအပ်သည် ။
- ထိုကိစ္စနှင့်ပတ်သက်၍ စည်းမျဉ်းစည်းကမ်းရေးဆွဲရေးအလုပ်အဖွဲ့အား ဖွဲ့စည်းလိုက်သည် ။
အောက်ပါရဲဘော်များအား ရွေးချယ်တာဝန်ပေးအပ်လိုက်သည် ။

**စည်းမျဉ်းစည်းကမ်းရေးဆွဲရေးအလုပ်အဖွဲ့**

-(၁) ကိုထွန်းအောင်ကျော်
- (၂) Dr- ခင်စိန်
- (၃) ကိုဇာနည်
- (၄) ကိုစိုင်း

(၅) ညီလာခံအမည်ရွေးချယ်ခြင်း ။

- ညီလာခံအမည်(၁၄)ခုအား အဆိုပြုတင်သွင်းထားသည် ။ အမည်များမှာ အောက်ပါအတိုင်းဖြစ်သည် ။
  (၁) BNC(Burma National Congress)
  (၂) မြန်မာ့ဒီမိုကရေစီအင်အားစုများ သွေးစည်းညီညွတ်ရေးတပ်ပေါင်းစုညီလာခံ
  (၃) မြန်မာ့ဒီမိုကရေစီအင်အားစုများ သွေးစည်းညီညွတ်ရေးညီလာခံ ။
  (၄) Hope For Change Burma .
  (၅) Burma Unity Congress (BUC) .
  (၆) ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်ရေး ညီညွတ်ရေးညီလာခံ
  United Conference For Democracy and Federal Union .
  (၇) National Conference For Democracy
  (၈) အမျိုးသားတော်လှန်ရေးအင်အားစုကွန်ကရက် ။
  (၉) မြန်မာ့ဒီမိုကရေစီရေး နီရာဂါရာ ကွန်ကရက် ။
  (၁၀) အပြည်ပြည်ဆိုင်ရာ မြန်မာ့ဒီမိုကရေစီအင်အားစုများညီလာခံ ။
  International Burma Democratic Conferemce
  (၁၁) မြန်မာတမျိုးသားလုံး ဒီမိုကရေစီရရှိရေးနှင့် စစ်အာဏာရှင်ဖြုတ်ချရေးညီလာခံ
  (၁၂) စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး/တိုက်ဖျက်ရေး ပြည်ပရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ ညီလာခံ ။
  (၁၃) စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး ဒီမိုကရေစီအင်အားစုများ သွေးစည်းညီညွတ်ရေးညီလာခံ ။
  (၁၄) စစ်အာဏာရှင်ဖျက်သိမ်းရေးနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးညီလာခံ။

* ညီလာခံအမည်ရွေးချယ်ရေးအလုပ်အဖွဲ့ ဖွဲ့စည်းရန် ဆွေးနွေးဆုံးဖြတ်သည် ။
- ထိုအလုပ်အဖွဲ့ထံသို့ ရဲဘော်များမှစာရေးပို့၍ သဘောထားများပေးရန်ဖြစ်သည် ။
- ညီလာခံအမည်ရွေးချယ်ရေးအလုပ်အဖွဲ့အား အောက်ပါရဲဘော်များဖြင့် ရွေးချယ်တာဝန်ပေးအပ်လိုက်သည် ။

**ညီလာခံအမည်ရွေးချယ်ရေးအလုပ်အဖွဲ့**

(၁) ကိုနန္ဒကျော်
(၂) ကိုသက်ထွန်း
(၃) ကိုစိုးမိုး
(၄) ကိုဇော်ကိုနိုင်

- ထိုအလုပ်အဖွဲ့မှ အဆိုပြုတင်သွင်းထားသော ညီလာခံအမည်(၁၄)ခုထဲမှ သင့်တော်ရာအမည်ကို ရွေးချယ်၍ နောက်တကြိမ် တယ်လီဖုန်းဆွေးနွေးပွဲတွင် တင်ပြရန်ဖြစ်သည် ။

(၆) အထွေထွေ
- လက်ရှိနိုင်ငံရေးအခြေအနေများအား ဆွေးနွေးသုံးသပ်ကြသည် ။
- Buffalo ညီလာခံအား ကျယ်ကျယ်ပြန့်ပြန့် ကျင်းပရန်လိုအပ်သည် ။
- မိမိတို့အင်အားစုအနေဖြင့် စနစ်တကျ စုဖွဲ့ထားသင့်သည် ။ ခိုင်မာသောအင်အားစုတရပ်အနေဖြင့် တည်ဆောက်ထားသင့်သည် ။
- ခေါင်းဆောင်မှုသည် အရေးကြီးသည် ။
- (NLD) ပါတီအနေဖြင့် ရွေးကောက်ပွဲဝင်သွားသည်ဖြစ်စေ မိမိတို့အင်အားစုမှ ကိုယ်ယုံကြည်ရာအတိုင်း ဆက်လက်လုပ်ကိုင်ရန်ဖြစ်သည် ။
- (NLD)ပါတီအနေဖြင့် ရွေးကောက်ပွဲဝင်ခြင်း / မဝင်ခြင်းကိစ္စအား မဆွေးနွေးချင်ပါ ။ မိမိတို့ချမှတ်ထားသော လုပ်ငန်းစဉ် ၊ မူများအတိုင်း (၂၀၁၀)ရွေးကောက်ပွဲအား ဆန့်ကျင်ရန်ဖြစ်သည် ။
- ပြည်တွင်းတွင် ကြားဖြတ်အစိုးရ / စင်ပြိုင်အစိုးရဖွဲ့ရေးဆိုသည့်ကိစ္စသည် နိုင်ငံတကာစံချိန် စံညွှန်းများနှင့်အညီ စုဖွဲ့မှသာသင့်တော်သည် ။ လိုအပ်တဲ့ဖွဲ့စည်းမှုဆိုင်ရာများကို ပြုစုတင်ပြနိုင်လျှင်ကောင်းသည် ။
- စစ်အစိုးရမည်သို့ ပြောင်းလဲမည်နည်း ..။
  - လူထုအုံကြွတော်လှန်မှုနှင့် ပြောင်းလဲနိုင်မည်လား ။
  - တပ်မတော်ပြိုကွဲမှုနဲ့ ပြောင်းလဲအောင်လုပ်နိုင်မည်လား ။
  - စင်ပြိုင်အစိုးရဖွဲ့စည်းမှုနဲ့ ပြောင်းလဲနိုင်မည်လား... စဉ်းစားပြင်ဆင်ရန်လိုသည် ။

- မိမိတို့အင်အားစုများသည် ကမ္ဘာလုံးဆိုင်ရာ စုစည်းထားသည့် အင်အားစုဖြစ်နေရန်လိုအပ်သည်။
- စင်ပြိုင်/ကြားဖြတ်အစိုးရ စသည်ဖြင့် ကိုယ်ဖြစ်ရာဆန္ဒနှင့် တိုက်တွန်းနေ၍မရချေ ၊ လက်တွေ့တိုက်ပွဲဝင်နိုင်မည့် နည်းလမ်းများကိုသာရှာဖွေသင့်သည် ။
- လူထုတိုက်ပွဲနှင့် လက်နက်ကိုင်တိုက်ပွဲ (၂) ခုတွဲ၍ တော်လှန်မှသာ ရနိုင်သည်ဟု ယုံကြည်သည် ၊ ထို့အတွက် ပြင်ဆင်ထားသင့်သည် ။
- မိမိတို့အနေဖြင့် ပြတ်သားစွာ လှုပ်ရှားလှုပ်လှမ်းကြရန်နှင့် တသံတည်းအောက်တွင် စုစည်းကြစေချင်သည် ။ ပြည်တွင်းအခြေအနေများအား မျက်ခြေမပြတ်စောင့်ကြည့်ပြီး လေ့လာနေရန်လိုအပ်သည် ။ ပြည်တွင်းအခြေအနေပေါ်မူတည်ပြီး ပြည်ပအင်အားစုများက ပြင်ဆင်နိုင်မှာဖြစ်သည် ။
- NLD အနေဖြင့် တွေ့ဆုံဆွေးနွေးရေးမူကို ဆက်လက်ကိုင်စွဲထားမှာဖြစ်ပြီး လူထုအားဆွဲခေါ်လာတဲ့ အခြေအနေဖြစ်လာမည်ဟု သုံးသပ်မိသည် ။
- (Grassroots)ကတက်လာတဲ့ အင်အားစုတရပ်လိုအပ်သည်၊ ထိုအင်အားစုအား စုဖွဲ့ရန်ဖြစ်သည် ။
- ၂၀၁၀ ရွေးကောက်ပွဲအား ပြည်သူလူထုက စိတ်ဝင်စားမှုနည်းပါးသည် ။ ထိုရွေးကောက်ပွဲသည် စစ်အုပ်စုက လိမ်ညာနေခြင်းဖြစ်သည် ။ (NLD)အား ချေမှုန်းရန်သာ ရည်ရွယ်သည် ။
- ပြည်ပအင်အားစုများက စုစုစည်းစည်း ညီညီညွတ်ညွတ်နဲ့ ဝိုင်းလုပ်ကြဖို့လိုအပ်သည် ။
- ပြည်တွင်းကသာအဓိကဖြစ် ပြည်ပအနေဖြင့် ထောက်ပံ့မှုသာဖြစ်သည် ။
- ပြည်ပအင်အားစုများက ပြည်တွင်းအင်အားစုများအား ထောက်ပံ့နိုင်ရေးအတွက် ပြင်ဆင်ထားရန်လိုအပ်သည် ။
- စင်ပြိုင်အစိုးရဖွဲ့လျှင် ဘယ်သူတွေပါမည်လဲ ..။ နယ်မြေ၊လက်နက်မရှိချေ ။ လက်နက်ကိုင်တော်လှန်ရေးအတွက်၊ ဖက်ဒရယ်အစိုးရဖွဲ့စည်းရေးအတွက် ပြင်ဆင်ထားခြင်း အသင့်မရှိချေ ။
- ပြည်တွင်းနိုင်ငံရေးအခြေအနေအရ (၂၀၁၀)ခုနှစ်သည် တိုက်ပွဲနှစ်ဖြစ်သည် ။ ၂၀၁၀ နအဖစစ်အုပ်စု၏ ရွေးကောက်ပွဲသည် ပြည်သူလူထုနှင့် ဒီမိုကရေစီတော်လှန်ရေး၏ အဆုံးသတ်တိုက်ပွဲမဟုတ်(ထွက်ပေါက်မဟုတ်) စစ်အုပ်စု၏ ထွက်ပေါက်သာဖြစ်သည် ။
- ပြင်ဆင်သင့်တာမှန်သမျှ အကုန်ပြင်ဆင်ထားရမည် ။ ညီညီညွတ်ညွတ်ဖြစ်ရန် အရေးကြီးသည် ။ အများနဲ့လက်တွဲလုပ်ချင်သော စိတ်ဓါတ်ရှိရမည်။ မတူတာတွေနဲ့တွဲလုပ်ရသည့်လမ်းစဉ်ဖြစ်၍ စိတ်ရှည်သည်းခံစွာဖြင့် အားလုံးနှင့်လက်တွဲလုပ်ကိုင်ရန်ဖြစ်သည်။ အင်အားစုအားလုံးအား လေးလေးစားစားနှင့် ဖိတ်ခေါ်ရမည် ။ ပူးပေါင်းဆောင်ရွက်ရမည် ။
- ကိုယ်ဖြစ်ချင်သောဆန္ဒစွဲဖြင့်ချဉ်းကပ်၍ နိုင်ငံရေးလုပ်ငန်းစဉ်များ ၊ မူများမချမှတ်ရန်လိုသည် ။ စိတ်ကူးယဉ်၍မရ ၊ လက်တွေ့ကြုံတွေ့နေရသည့်အခြေအနေတွင် ပြည်ပအင်အားစုများက ဘာတွေလုပ်ပေးနိုင်သလဲ၊ ဘာလုပ်သင့်သလဲ၊ ဘာတွေလုပ်ချင်သလဲ ဆိုတာကိုပဲ စဉ်းစားဆွေးနွေး၍ လုပ်နိုင်တာမှန်သမျှ လုပ်ရန်ဖြစ်သည် ။

----------------------------------------------- ----------------------------------------------------------------